www.thitsarparamisociety.com



တွေ့တဲ့ အချိန် နာမ်ရုပ် တွေ့သေးရဲ့လား။ ဟော ဒါမို့ အနိစ္စ တရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခ တရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ အနတ္တ တရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ တီရဏ ပရိညာ။ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တဲ့အချိန် နာမ်ရုပ် မတွေ့ဘူးနော်။ ဒါ တီရဏ။ တွေ့တာက အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တယ်။ ပွားလို့ သိတာ တီရဏပရိညာ။ နာမ်ရုပ်ကို တွေ့တဲ့အချိန် မင်းသမီး တွေ့ရဲ့လား။) မင်းသားကား တွေ့ရဲ့လား။ ဉာတပရိညာ။ နာမ်ရုပ်ဘဲ တွေ့တယ်။ မင်းသမီးလည်းမတွေ့။ မင်းသား မတွေ့။ အဲဒါ မင်းသမီး၊ မင်းသားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုဘူးလား။ ဉာတပရိညာ ။ ဆက်ပြီးတော့ ကြည့်တော့ နာမ်ရုပ်က ဖြစ်ပျက်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မပြဘူး လား။ နာမ်ရုပ် တွေ့သလား။ အနိစ္စ တွေ့သလား။ နာမ်ရုပ် တွေ့သလား။ ဒုက္ခတွေ့သလား။ နာမ်ရုပ် တွေ့သလား။ အနတ္တ တွေ့သလား။ တီရဏပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့မဟောဘူးလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတယ်လို့ အမှန်သိတာ= ယထာဘူတဉာဏ်ဗျား။ အမှန် အမှန်အတိုင်း သိတာနော်။ ကဲ ယထာဘူတဉာဏ်။ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဟူသရွေ့ မဆင်းရဲဘူးလား။ ဆင်းရဲတယ် စဉ်းစား။ အဲဒါ အမှန်သိတာ ယထာဘူတဉာဏ်။

ဒုတိယ ဆက်ပြီးတော့ ကြိုးစားကြည့် ဖြစ်ပျက်ပဲ တွေ့တယ်။ ဘာသစ္စာလဲ။ ဒုတိယ ကျတော့ အသိဉာဏ်က ရင့်နေပြီ အသိဉာဏ်က ရင့်တော့ ခန္ဓာက လွတ်ချင်တဲ့ စိတ်တွေ ခန္ဓာက ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်ဘူးလား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောဘူးလား။ ဟော ခန္ဓာ ပျင်းမုန်း ငြီးငွေ့ပြီနော်။ အဲသည်ပုဂ္ဂိုလ် အခါတိုင်းနဲ့တူရဲ့လား။ အပြော အဆို၊ အနေ အထိုင်တွေ သိမ်မွေ့ပြီးတော့ မလာလား။ အဲ မေးနိုင်မှ ပြောတာ မမေးရင် မပြောဘူး ကွဲ့နော်။ စိစစ်ဖို့ မကောင်းလား။ သိမ်မွေ့ပြီ လောကကို ပျင်းမုန်းငြီးငွေ့ပြီ။ ကဲ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်ပဲ့ မလား။ ဒါ နိဗ္ဗိန္ဒဉာဏ်။

တတိယ ကြိုးစားပြီးတော့ အားထုတ် ဖြစ်ပျက်ဘဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ ခြေအစ ခေါင်းအဆုံး တကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျားတထောက်စာမျှ တွေ့ရဲ့လား။ အပ်ဖျားတထောက်စာမျှ သုခမတွေ့တာ ရှိလို့လား၊ မရှိလို့လား။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြား လား။ ပိုင်းခြားလိုက်တဲ့တချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး ဝင်တာဗျား။ အဲဒါ သမုစ္ဆေဒသီလ။ ဒုက္ခသစ္စာ ပိုင်းခြားမှ ဝင်တာ။ အဲဒါ စာဆိုက ဒုက္ခသစ္စာ ပိုင်းခြား တဲ့အခါ မဂ္ဂဘိညာ သကိံ မတာ မိုးကြိုးစက်ကဲ့သို့မိုးကြိုးများ ထန်းပင်၊ အုန်းပင်၊သစ်ပင်တွေ မိုးကြိုး မှန်တဲ့အခါ အဲဒီအပင် ရှင်မလား။ သေမလား။ အတက် ပေါက်တယ်လို့မရှိတော့ဘူးနော်။

www.thitsarparamisociety.com



အခုလည်း မဂ်က တကြိမ်ကျပြီးရင် ရာဂ၊ ဒေါသ၊ မောဟ ဖြစ်ပါ့မလား ဟော့။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ အဲဒီသီလမှ သမုစ္ဆေဒ သီလဗျား။ခန္ဓာကိုယ်သာ အသေခံမယ်။ သီလကို အပျက်မခံဘူး။ အဲသလောက်သီလကို အဖိုးတန်တယ် ကြားလား။ အဲလို လေ့လာဖို့မကောင်းလား။ အဲဒါကြောင့်မို့လို့ အဲဒီသီလကိုမှ စိတ်ချရတယ်နော်။ အဲဒီသီလဝင်တော့ သုံးပါးဝင်တော့ကာ ရှုဉာဏ်ငါးပါး ပေါင်းတော့ ရှစ်ပါး မပြည့်လား။ မဂ္ဂင်ရှစ်ပါး ဆိုတာ လောကုတ္တရာ လို့ မဟောဘူးလား။ နိဗ္ဗာန်ကို မျက်မှောက်ပြုနေတာ။

ကဲ အဲဒီ ရှစ်ပါးပြည့်တဲ့အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ခန္ဓာငါးပါး တွေ့ အိုး၊နာ၊သေ ပေါ့ ကွဲ့။ အခုက နိဗ္ဗာန်ကို မျက်မှောက်ပြုနေတာ။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ မတွေ့ဘူး ကွဲ့ ကြားလား။ ခန္ဓာ မရှိရင် အိုဦးမလား။ နာဦးမလား။ သေဦးမလား။ အဲတော့ ခန္ဓာမရှိရင် မအို၊ မနာ၊ မသေဘူးနော်။ ဒါကြောင့်မို့ မအိုရာနိဗ္ဗာန်၊ မနာရာနိဗ္ဗာန်၊ မသေရာနိဗ္ဗာန် လို့မဟောဘူးလား။ ကဲ ခန္ဓာမရှိတော့ မငြိမ်းလား။ ကိလေသာမရှိတော့ မအေးလား။ ငြိမ်းတဲ့ သဘောနဲ့ အေးတဲ့ သဘောကို နိဗ္ဗာန်လို့ မဟောလားဟဲ့။ ဝင်းဝင်းကြီး ပေါ်လာလိမ့်မယ်လို့ လည်း မထင်နဲ့။ ဘုံနန်း ပြဿာဒ်နဲ့လို့လည်း မထင်နဲ့။ ကိလေသာချုပ်တာ နဲ့၊ ခန္ဓာချုပ်တာ နိဗ္ဗာန်ဗျား။ အဲလို စိစစ်ဖို့ မကောင်းလား ။ အဲဒါ လိုရင်း အချက်တွေ။

<u>သုရာမုခ</u>

အဲဒါကြောင့် မိုးကုတ် ဆရာတော်ဘုရားကြီးက သုရာမုခ ရတဲ့ နိဗ္ဗာန် ဟိုက နေပြီးတော့ သုပ္ပဗုဒ္ဓ ရတဲ့ နိဗ္ဗာန် ။သုပ္ပဗုဒ္ဓတို့ သုရာမုခတို့ကို မေးကြည့်တဲ့။ ရုပ်တွေ၊ နာမ်တွေ၊ စိတ်တွေ၊ စေတသိက်တွေ ဘယ်ဉာဏ် ရောက်ပြီလဲလို့ မေးကြည့်တဲ့ တစ်လုံးမှ မပြောတတ်ဘူးတဲ့။ သူတို့က မပြောတတ်ပေမယ့်လို့ နိဗ္ဗာန် ရပြီတဲ့ ဗျား။ စဉ်းစားဖို့ မကောင်းလား။ ပြောတတ်တာ စာတတ်မှ ပြောနိုင်တာ တဲ့နော်။ ကဲ ကိလေသာငြိမ်းဖို့ အဓိက မဖြစ်ဘူးလား။ စဉ်းစား။

အဲတော့ သုရာမုခ ရတဲ့ နိဗ္ဗာန် ။မြတ်စွာဘုရားက သုရာမုခ ရတဲ့နိဗ္ဗာန် နဲ့ ငါဘုရား ရတဲ့ နိဗ္ဗာန် အတူတူတဲ့ ကြားလား။ ဘယ်သူမှ မသာဘူးတဲ့။ ဘုရားက ဟောတာ။ ဘုရား ဟောလို့ သာ နေရတာ ဘုန်းကြီးက မကျေနပ်ဘူး ကြားလား။ ဘယ်နှယ့်ကွာ အတူတူ အခု နာပြီးကာ မှ အခုရတာနဲ့ အတူတူထားတာ။ ဘုရားက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ရတာဗျား။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်မှ ဘုရားဖြစ်တာ။ အခု တစ်ပွဲမှာ နာလို့ရတာ အတူ ထားတာ ကွဲ့။ ဘုန်းကြီးက မကျေနပ်တာ။ ဘုရားဟောလို့သာ နေရတော့တာ။ ကဲ စဉ်းစားဖို့ မကောင်းလား။ ဒါ တူပုံ၊ တူနည်းတွေ စဉ်းစားကြဦးနော်။

www.thitsarparamisociety.com



ရှင်ဘုရင်များ ပွဲတော် တည်တဲ့အခါ ခွက်ပေါင်းတစ်ရာ ကြားဘူးကြလား။ ကဲ သူလည်း စားတဲ့အခါ တစ်နပ်စားရင်မဝဘူးလား။ တောင်သူကြီးများ တောထဲ၊ တောင်ထဲမှာ တောင်သူ လုပ်တော့ ဟင်းတစ်ခွက်တည်းနဲ့ စားတာကား မြင်ဘူး၊ ကြားဘူးကြလား။ သူလည်း တစ်ခွက်တည်းနဲ့ စားတဲ့ အခါ မဝဘူးလား။ ဝတာကျတော့ ရှင်ဘုရင်နဲ့ တောင်သူကြီး ဘယ်သူက သာသလဲ။ ဝတာ မတူ ဘူးလား။ ခွက်ကျတော့ ရှင်ဘုရင်က များတယ့်ကွဲ့။ ခွက်ပေါင်းတစ်ရာ။ သူက တစ်ခွက်တည်း။ ဝတာတော့ တူမနေဘူးလား။

ကဲ အခုလည်း နိဗ္ဗာန် ၊ နိဗ္ဗာန်ရတာ မြတ်စွာဘုရားနဲ့သုရာမုခ အတူတူကွဲ့ ။ ခွက်နဲ့အလား တူ သလို ရတဲ့နိဗ္ဗာန် ရှင်ဘုရင်က ခွက်ပေါင်းသာသလို လောကီဂုဏ်တွေမှာ မြတ်စွာဘုရား မှာ တန်ခိုးတော်အနန္တ။ သုရာမုခ သည်ဂုဏ်တွေ ရှိရဲ့လား။ ကံတော်အနန္တ။ ဝေဿန္တရာမင်း လက်ထက် က လှူခဲ့တာ ထမင်းရည်ချောင်းစီး လှူတာ အဲဒီကံတွေက အများကြီးနော်။ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တ ၊ ဘုန်းတော်အနန္တ၊ အသရေတော်အနန္တ ကြားဖူးတယ် မဟုတ်လား။ ဉာဏ်တော် က အနန္တ။ အဲသည်ဂုဏ်ကျ တော့ သုရာမုခမှာ မရှိဘူး။ နိဗ္ဗာန်ကျတော့ တူတယ်ဗျ။ စဉ်းစား ဖို့ မကောင်းလား။ဝတာ တူတယ်နော်။ ခွက် ကျတော့ ကွာတာပေါ့ ရှင်ဘုရင်က သာတယ်။ အခုလည်း လောကီဂုဏ်ကျတော့ ဘုရားက လောကီဂုဏ်တွေ ရှိတာကိုးကွဲ့။ သုရာမုခမှာ မရှိဘူး။ နိဗ္ဗာန် မျက်မှောက်ပြုတာပဲ ရှိတယ်။ စဉ်းစားဖို့ မကောင်းလား။ အဲသလို ဆိုတော့ ဘယ်လောက်များ အားရစရာ ကောင်းသလဲပေါ့။ အားရစရာ မကောင်းဘူး လား။ အဲလို စဉ်းစား။

## သုပ္ပဗုဒ္ဓ

ရတနာအစစ် ကိန်းဖို့လိုတယ်။ မကြားစဖူး ကြားဖူးထပ်မံ။ သုပ္ပဗုဒ္ဓ ကုဋ္ဌနူနာ(ဥဒါနပါဠိ-၁၃၄။ဋ္ဌ-၂၅၉) အဲသည် ကုဋ္ဌနူနာက ထမင်းတောင်းလာတာ။ ကိုယ်ကောင်ကြီးက နူလို့ ရွဲလို့၊ တရား ဟောတုန်း၊ နာတုန်းဆိုတော့ ထမင်း တောင်းလို့မဖြစ်။ တရားနာပရိသတ်တွေ နဲ့ ဆယ့်ငါးပေ လောက် အကွာမှာ ထိုင်ပြီးတော့ စောင့်နေတယ်။ တရားပွဲပြီး ထမင်းတောင်း ဖို့ တရားပွဲပြီးတော့ ကာ ဟော သုပ္ပဗုဒ္ဓကြီးက သောတာပန် တည်သွားတော့တာ။ ပရိသတ် လေးသောင်းက တစ် ယောက်မှ သောတာပန် မပန်ဘူး အမတ်တွေလည်း ပါတယ်။ သူဌေးတွေလည်း ပါတယ်။ မှူးကြီးမတ်ကြီးတွေလည်း ပါတယ်။ တယောက်မှ မတည်ဘူး။ သုပ္ပဗုဒ္ဓ နူနာကြီး တည်သွားတာ သောတာပန်။

အဲတော့ ပရိသတ်က နောက်တစ်ပုဒ် တစ်ဂါထာ ဟောပါဦးဘုရား လို့ တရားတောင်းတာ ပရိသတ်က။ ဇေတဝန် ကျောင်းတော်က လူပရိသတ်၊ နတ်ပရိသတ်တွေ ပြည့်နေပြီတဲ့။ အဲဒီ ကို

ဟောရမှာ။ စနေထောင့်မှာ ထမင်းတောင်းလာတဲ့ သုပ္ပဗုဒ္ဓ ဆီမှာ တရား တောင်းကြ ဘုရားက ညွှန်ကြားတော့တာ။ အင်း သုပ္ပဗုဒ္ဓ ဘယ်တုန်းကလည်း တရား ဟောဘူးတာ မဟုတ်ပါဘူး။ ဘုရားက မဟုတ်တာတော့ မပြောကောင်းတန်ရာ။ အခုပွဲမှာများ တရားများ ပေါက်သွားသလား။ စဉ်းစားတာ ပရိသတ်က။ ကဲ သုပ္ပဗုဒ္ဓ ဆီမှာတောင်းမယ် သွားတောင်း တော့ လွယ်လွယ်ကူကူနဲ့ လက်ခံတာဗျား။

ကဲ တရားဟော ပလ္လင်ပေါ်ကြွ၊ တရားဟော ပလ္လင်ပေါ် ကြွတော့တာ တရားနာ ပရိသတ်က သူ့ကိုကြည့်မယ့်သူ မရှိဘူး။ မျက်နှာတွေက နူလို့ ရွဲလို့ကို ကြည့်လို့ကောင်းပါ့မလား။ ကိုယ်ကောင်ကကော ကြည့်လို့ကောင်းရဲ့လား။ ကြည့်မယ့်သူ မရှိဘူး။ ကမ္ဘာ့ဌာန်းထိုင်တဲ့ ရာနလမ်းက လိုက်တဲ့ ကမ္ဘာ့ဌာန်းထိုင်သလို ပထဝီကသိုဏ်း ရှုသလို မျက်လွှာချနေတော့တာ ကြားလား။ ပရိသတ်က ကြားလား မျက်လွှာချနေတာ ။

ဟိုက ရုပ်တစ်လုံး၊ နာမ်တစ်လုံး ဟောလိုက်တာ တောက်တဲ့ လှည်းနင်းသလို အသံက မကောင်းတဲ့။ ကဲ အသံကလည်း မကောင်း။ ကိုယ်ကောင် ကလည်း ကြည့်လို့မရ။ တရားပွဲဆုံးသွားတဲ့အခါ ပရိသတ်လေးသောင်း အကုန် သောတာပန် တည်တာ။ သုပ္ပဗုဒ္ဓ ဟောတာ အကုန် သောတာပန် တည်တာ ။ ဘုရား ဟောတုန်းက တစ်ယောက် တည်း။ ပရိသတ်လေးသောင်း။ ဘာကြောင့် မတည် တာလဲ။ ဘုရားဟောတုန်းက ဘုရားက ရုပ်အဆင်းက လှတာကိုး။ အလှကိုကြည့်တော့ တရားကို မရောက်ကြဘူး။ အသံကလည်း အတု အတူ မရှိတော့ ကောင်းတော့ အသံမှာ သောင်တင် နေတော့ကား တရားကို မရောက်ဘူး။ အလှနဲ့အသံမှာ သောင်တင်နေကြတော့တာ။

သုပ္ပဗုဒ္ဓ ကျတော့ ကြည့်ရအောင်ကမရှိ ရုပ်ဆိုး။ အသံကလည်း မကောင်း။ ခန္ဓာလှည့်တော့ အကုန် ပေါက်ကုန်တော့တာ ကြားလား။ ကဲ အဲဒီလိုလည်း လိုသေးတာဗျ။ အဲဒါနဲ့ ကဲ ငါလည်းဘဲ မြတ်စွာဘုရား ကျောင်းတော်ကို လိုက်မယ်ဆိုပြီးတော့မှ။ တရားဟောပြီးတော့ လိုက်သွားတော့ တာ။ လမ်းခရီးက သိကြားမင်းက စောင့်။ ဟေ့ သုပ္ပဗုဒ္ဓ နေဦး။ ရပ်ဦး။ ငါပြောတာ နားထောင်။ ငါပြောတာ နားထောင်ရင် အခု မင်း ဝေဒနာ အခု ချက်ချင်း ပျောက်အောင် လုပ်ပေးမယ်။ တစ်သက်လုံး စား လို့မကုန်အောင် ရွှေတွေငွေတွေ ပေးမယ်။ ပြောသာ ပြောပါ။ နားထောင်သင့် ထောင်မယ်၊ မထောင်သင့်ရင် မထောင်ဘူး ပြော။ ဘုရားကို ဘုရား မဟုတ်ဘူး။ တရားတော်ကို လည်း တရားမဟုတ်ဘူး။ သံဃာကိုလည်း သံဃာ မဟုတ်ဘူး အဲလို ပြော။ မင်း ရောဂါတွေ ပျောက်အောင်လုပ်ပေးမယ်။ ရွှေတွေ ငွေတွေကိုလည်း မင်း တစ်သက်စားလို့ မကုန်အောင် ပေးမယ်။

www.thitsarparamisociety.com



မျက်နှာ စေ့စေ့ ကြည့်တယ်။ အသင်ဘယ်သူလဲ။ ငါ သိကြားမင်း။ သြော် ငါ သိကြားမင်း ချမ်းသာ သလား အောက်မေ့တာ။ သိကြားမွဲပါကား။ အသင်စကား ငါ နားမထောင်ဘူးတဲ့။ သိကြားမွဲတဲ့။ အသင်မှာ ဘုရားရတနာ မရှိဘူးတဲ့။ တရားရတနာမရှိ။ သံဃာ ရတနာမရှိတဲ့။ မင်း ရွှေငွေက အတု တွေတဲ့။ မီးလောင်လည်း ပျက်မယ်။ ရေ ဖျက်ဆီးလည်း ပျက်မယ်။ လူခိုးလည်း ခိုးနိုင်တယ်။တဲ့ ရတနာ အစစ်က လူမခိုးနိုင်ဘူး။ မင်းစကား ငါ နားမထောင်ဘူး တဲ့။

ဘုန်းကြီးက စဉ်းစားတာ။ ဘုန်းကြီးသာဆို နားထောင်တော့မယ် ဟေ့။ တစ်သက်စားရအောင် ပေးမှာ ကွဲ့။ အခုလူတွေ ရှာကြတယ်ကြည့်လေ။ ပိုက်ဆံ ရှာကြတာ မရှာဘူးလား။ မုသားကို အမျိုးမျိုး သုံးလို့ ရှာကြ။ သူ့အသက်ကို သတ်ပြီးတော့ ရှာကြ။ ခိုးလို့ ရှာကြ။ မရှာကြဘူးလား။ အရောင်းမှာလည်း အလေးစဉ်းလဲ တောင်းစဉ်းလဲနဲ့ ရှာကြ၊ ကြားလား စဉ်းစား။ ရောဂါလည်း ပျောက်အောင် လုပ်ပေးမှာလေ။ ကဲ ရတနာအစစ်ကိန်းတဲ့ သုပ္ပဗုဒ္ဓ နားထောင်ရဲ့လား။ အသင် စကား ငါ နားမထောင်ဘူးတဲ့။ ကဲ ရတနာအစစ် မကိန်းရင် နားထောင် တော့မှာကွဲ့။ ရတနာ အစစ် ကိန်းတာ နားထောင်ရဲ့လား။ အသင်စကား ငါ နားမထောင်ဘူးတဲ့ သွားတော့တာ။

မြတ်စွာဘုရား ကျောင်းတော်ကို သိကြားမင်းက တန်ခိုးဆိုတော့ ရောက်လွယ်တာပေါ့။ သူ့ထက် အရင်ရောက်နေတာပေါ့။ သုပ္ပဗုဒ္ဓကို အမျိုးမျိုး သူဖြားယောင်းတာ မရဘူးတဲ့ ကြား လား။ မရတော့ ဘူး တဲ့ ဘုရားက။ ရတနာ အစစ်ကိန်းသွားပြီ တဲ့။ ဘယ်လိုမှ ဖျက်လို့ မရတော့ဘူးတဲ့ ကြားလား။ ရတနာအစစ်ကိန်းပြီ။ အခု ဖျက်လို့ရတာတွေဟာ ရတနာအစစ် မကိန်းသေးလို့တဲ့။ အဲဒါ ကြောင့် မို့ ဟိုထဲကို ပါလိုက် ဒီထဲကို ပါလိုက် ပါသွားတော့တာ ပိုက်ဆံ နောက်ကို လိုက်သွားကြတော့တာပဲ့ ကြားလား။ စားစရာမရှိရင် စားစရာ ပေးတော့ သူ့ ဘက်ကို ပါသွားတော့တာ ရတနာအစစ်ကိန်းတဲ့ ပုဂ္ဂိုလ်က လိုက်ကဲ့လား။ သုပ္ပဗုဒ္ဓ က သက်သေ မခံလား။ အဲသလို လေ့လာကြ။

အခုလည်း အဲဒီ အသိတရားတွေ ရကာ လောက ကို အကုန်လုံး ပျင်းမုန်း ငြီးငွေ့တယ်ဗျား။ နော်။ သောတာပန်အဖြစ်နဲ့ နေတတ်တယ်။ စားတတ်တယ်။ ကဲ ကမ္ဗ ဝိပါကသာ။ သောတာပန် ဖြစ်ပြီ စားစရာက မရှိ ။အဝတ်က ဆင်းရဲ။ အစားက ဆင်းရဲ။ ဆင်းရဲတော့ အကျိုးအပြစ်ကို သိတယ်။ ဟော ကမ္ဗ ဝိပါကသာ။ ငရဲမှအပ ဝဋ္ဋကိုအမြဲ ကိုး။ အကြောင်းအကျိုး သိတော့ကာ မှန်ကို ထောင်ကြည့်တော့ ကိုယ့်မျက်နှာရိပ်က မြင်သလို မှန်မကြည့်ဘဲနဲ့ ကိုယ်မျက်ခွက်ကို မြင်နိုင်ပါ့ မလား။ မှန်ကြည့်တော့ မမြင်ရဘူးလား။ ဤပမာဏကဲ့သို့ ဝတ်တာ ဘာကြောင့် ဝတ်တာလဲ။ ဘဝ အဆက်ဆက်က သူများ စားမည့်ဟာ ခိုးခဲ့တာ။ ဝတ်မည့်ဟာတွေ ခိုးခဲ့တော့။ ကိုယ်အလှည့်ကျ တော့ လွတ်ပါ့မလား။ ငရဲမှအပ ဝဋ္ဋကို အမြဲ။ အဲလို အကျိုးအပြစ်ကို သိတော့ ဒေါသ ဖြစ်သေး

ရဲ့လား။ သစ္စာကား ဖောက်သေးရဲ့လား။ တံငါ၊ မုဆိုး လုပ်စားမယ်လို့ စိတ် ပြောင်းရဲ့လား။ သူခိုး တောက်ပြား လုပ်မယ်လို့ စိတ်ပြောင်း ရဲ့လား။ကဲ အဲဒီလောက် ချမ်းသာတာ တရားအစစ် တွေ့တာ။ ကဲ ဒေါသစိတ် ဖြစ်သေးရဲ့လား။ ကြွေးဟောင်း မကျေဘူးလား။ ကျေတယ်။ အဲဒါ ဆယ့်ငါးနှစ် လောက် အဲဒီဝဋ်ကြွေးက ကုန်သွား တဲ့အခါ ကျတော့ မိတ်ဆွေတစ်ယောက်က ထီတစ်စောင် ပေးတာ။ ဟော သိန်းသုံးရာလောက် ပေါက်လာတော့။ လောဘဖြစ်သေးရဲ့လား။အကြောင်းအကျိုး သိတော့။ ကုသိုလ်ကြောင့် ရတာတဲ့။ သီလကုသိုလ်တွေနော်။ အဲဒီ ကုသိုလ်ကြောင့် ရတာ။ အကြောင်း အကျိုး သိတော့ကာ လောဘဖြစ်သေးရဲ့လား။ ဆင်းရဲတုန်းကလည်း ဒေါသ ဖြစ်သေးရဲ့လား။ အဲသလို အကြောင်းတိုက်တဲ့အခါ လောဘလည်း မဖြစ်။ ဒေါသလည်း မဖြစ်။ မောဟလည်း မဖြစ်ဘူး။ အဲသည်ဉာဏ်ကို လိုတာဗျား။ အဲဒါမှ ချမ်းသာတာဗျား ကြားလား။ ပိုက်ဆံ ဘယ်လောက် ရှိရှိ ချမ်းသာလိမ့်မယ် မထင်နဲ့။ အခုလူတွေက အဲဒါ မသိတော့ အလွန်ရှာ။ စိန်တွေ၊ စိန်တွေကို ကားတစ်စီးတိုက်သာ ရခဲ့။ စိန်တွေ၊ ကြားလား ရွှေတွေ ကျောက်တွေ သင်္ဘောကြီး တစ်စင်းစာ တင်ခဲ့ ဘယ်လောက်ပဲ ပေါပေါ မချမ်းသာ ဘူး။

<u>ကိုယ်ပိုင်ဘုံဆိုင် ။</u>

ကဲ ဥပမာပြောမယ် တောရွာတစ်ရွာမှာ တောရွာ သူဌေးနှစ်ယောက်၊ တစ်ယောက်က တရားသိတဲ့ သူဌေး၊ တစ်ယောက်က တရားမသိတဲ့ သူဌေး ။မိုးခေါင်ရေရှားတော့ကာ သူခိုးတွေ မထလား။ ဓါးပြ တွေ မထလား။ ဟိုရွာကို ဓါးပြတွေ လူပေါင်း ငါးဆယ် ဝင်တယ် လက်နက်ကိုယ်စီ။ သူခိုးတွေ ခိုးတယ်။ အဲဒီ အသံတွေ ကြားတဲ့အခါ တရားမသိတဲ့သူဌေးက စိတ်ချမ်းသာမလား။ ဆင်းရဲမလား။ အင်း ညအိပ်တဲ့အခါ ခွေးဟောင်သံကြားအိပ်လို့ ပျော်ပါ့မလား။ ပျော်ဘူး ၊မိုးလင်းသွားပြီ သူ့မှာ စားရတာ ဆီဦး ထောပတ်၊ ငါးကြီးကြော်က တစ်မျိုး၊ ကြက်ဥကြော်က တစ်မျိုးနော်။ ဟပ်ဖွိုင်က တစ်မျိုး ၊ဟော ကြက်ပေါင်က တစ်မျိုး၊ ဝက်သားနပ်တာက တစ်မျိုး၊ ဝက်အူချောင်းက တစ်မျိုး။ စုံလို့ အသီးအနှံတွေကလည်း ။ စားသာ စားရတယ် ကျီးလန့်စာစား။ မိန်မိန် ရှက်ရှက် ဖြစ်ကဲ့လား။ အဲသလောက် ဟင်း ကောင်းတာတောင် မမိန်ပါကားဟဲ့။ စိတ်ချမ်းသာ လို့လား။ ဆင်းရဲလို့လား။ တွေးပြီးတော့ ကို ပူနေတာ။

နောက်တော့ ဘွားကနဲ ဓါးပြတွေက ရောက်လာတာ။ စာရင်းနဲ့သူဌေးကြီးမှာ။ ရွှေက ဘယ်န ပိဿာ။ ငွေက ဘယ်လောက်။ ဆန်က ဘယ်လောက်။ ဆီက ဘယ်လောက် ပေး။ ကျုပ် ဒီလောက် မရှိဘူး ခင်ဗျ။ ဒီမှာ စာရင်းနဲ့မင်းရွာနဲ့ရပ်နဲ့ မလိမ်နဲ့။ မလိမ်ဘူး။ စကောကြီး ဖောက်ဟော့ လည်ပင်း စွပ်။ လှည့်စမ်း။ ရှ တော့တာ။ လှေကားအောက်မှာ မြုပ်ထားတာက ဘယ်နလုံး ။ အုန်းပင်

www.thitsarparamisociety.com



အောက်မှာ မြုပ်တာက ဘယ်နှလုံး။ ဟိုသစ်ပင် အောက်မှာက ဘယ်နှလုံး။ ဘုံဆိုင်ပစ္စည်း ရွှေတွေ ငွေတွေ ဆန်ရေစပါးတွေ ဘုံဆိုင်။ သားမယား၊ ကျေးကျွန်ကလည်း ဘုံဆိုင်။ ရွှေငွေ ကျောက်သံ ပတ္တမြား ဘုံဆိုင်။ အဲဒီ ဘုံဆိုင် ပစ္စည်းတွေ ကို ဖော်ပြီးတော့ ပေးလိုက် ရတာ။ ခါးပြနောက်ကို ပါသွားပြီ။

ကြည့် အဲသည် သူဌေးမှာ စိတ်ချမ်းသာမလား၊ ဆင်းရဲမလား။ ဆင်းရဲတာ ကုသိုလ်လား။ အကုသိုလ်လား။ နင်တို့က ရွှေတွေ ငွေတွေရှိ ချမ်းသာတယ်ဆို။ ဆင်းရဲပါတကား သူ့မှာ။ အကုသိုလ် ဖြစ်နေပြီ။အဲ စိတ်ထဲက သူတို့ကို သွေးအန်လို့သေစမ်း ပါစေဟ စိတ်ထဲက၊ စိတ်ထဲ က။ သူဌေးကြီးကလေ သွေးအန်လို့ သေစမ်းပါစေတဲ့။ စဉ်းစားဖို့မကောင်းလား။ ရွှေငွေတွေ ပါပြီး အကုသိုလ်က သွေးအန်လို့ သေစမ်းပါစေတဲ့။ ရွှေတွေ၊ ငွေတွေ မပြုတော့ မနောကံက အသစ်ပါ နေသေးတာ ကြားလား။ ဘယ်လောက်များ ကြောက်စရာ ကောင်း သလဲ။ ဘုံဆိုင်ပစ္စည်း ခါးပြတွေ နောက်ကို ယူသွားပြီ။ သူဌေးကြီးမှာ အကုသိုလ်တွေ ကျန်ရစ်တော့တာ ဗျား။ ကိုယ်ပိုင်ပစ္စည်း သူဌေးကြီးမှာ အကုသိုလ်က ကိုယ်ပိုင်။ ရွှေငွေ ကျောက်သံ ပတ္တမြားက ဘုံဆိုင်။ ကိုယ်ပိုင်နဲ့ ဘုံဆိုင် နားလည်အောင် တရားနာကြ။ စဉ်းစား ဖို့ မကောင်းလား။ အဲသည်လို ပိုင်းခြားတဲ့ ဉာဏ်မရ တော့ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက် ဖြစ်နေတာပေါ့။

တရားသိတဲ့ သူဌေးကတော့ ခါးပြတွေ ထတယ် ကြားတယ်။ သည်လူတွေ မစားရ မသောက်ရလို့ ရှိမှာ ဒို့ဆီလာ ပေးမယ်တဲ့။ ကဲ စေတနာချင်း တူရဲ့လား။ ဝင်လာပြီ ခါးပြတွေ။ မလှုပ်နဲ့။ မလှုပ်ရဲ ဘူး။ မေတ္တာကလည်း ထားတော့ကာ အမောင်တို့ စကားလေး လေးခွန်း ငါးခွန်းပြော ခွင့်ပေးပါ။ ပြောပါ ဦးရယ်။ပြောပါ ပြောပါ။ မင်းတို့ ခါးပြတိုက်တာ ဘာဖြစ်လို့တိုက်တာလဲ။ မိုးခေါင်ရေရှားလို့၊ အသက်ကို အသေ မခံမနိုင်လို့၊ ငတ်ပြီးတော့ သေမှာကို ကြောက်လွန်းလို့ ခါးပြတိုက်တာတဲ့။ ကြားလား။ သူတို့လည်း သေမှာ ကြောက်သေးတာကွဲ့။ ခါးပြတွေက လည်း ကြားလား။ အငတ် မခံနိုင်လို့တဲ့။ အဲသည်လိုဆို ဦးက ပေးမယ်လို့ စကားလေး မခင်းရဘူးလား။ ပေးမယ်ဆိုတော့ ရာဇဝတ်မှု လွတ်မသွားလား။ တပြုံးပြုံးပေါ့။ခါးပြတွေက သူတို့လည်း တိုက်လို့တိုက်တာ ဥပဒေက နားလည် နေတာ ကြားလား။ ပြုံးပြုံးနေတော့တာ။

ကဲ မင်းအခုနေ ထမ်းမယ် ရွှေတွေ ငွေတွေ ထမ်းမယ်ဆိုရင် ပိဿာနှစ်ဆယ် ထမ်းနေကျ မင်း ဆယ့်ငါးပိဿာပဲ နိုင်မယ်။ ခရီးက ပန်းတယ်။ ဒါတော့ အားရှိအောင် အားမွေးကြ။ဟော။ ဟိုမှာ ပိဿာ တစ်ဆယ်၊ ဆယ်နှစ်ပိဿာ ဆံ့တဲ့ ခရားအိုးကြီး ရှိတယ်။ ရေနွေးတည်-ဆူ ပြီးသားတွေ။ ဟိုမှာ ရွှေဖီမိုးလွတ် ရှိတယ် လက်ဖက်ခြောက် ဇယန်းလက်ဖက်ရှိတယ်။ ဟိုမှာ ကြက်သွန်ကြော်

www.thitsarparamisociety.com



ရှိတယ်။ ပေါ ကြံသကာရှိ တယ်။ မြေပဲယိုရှိတယ်။ ကဲ မင်းတို့ ထန်းလျက်ဖြူဆုပ်ရှိတယ်။ အဲဒါ ဖောက်ပြီးတော့ မြည်းကြ။ ထမင်းချက်တဲ့သူက ချက်။ ဟင်းချက်တဲ့သူက ချက်။ ပေါ်ဆန်းမွှေး ကြိုက်လား။ ငကြုံဆန် ကြိုက်လား။ တောင်ထိပ်ပန်း ကြိုက်သလား။မင်းတို့ကြိုက်တဲ့ဆန် ချက်။ ဟိုမှာ ငါးကြီးခြောက်ရှိတယ်။ ငါးရံ့ခြောက် ရှိတယ်။ ပေါ ရွှေပုဇွန်ရှိတယ်။ ပေါ ဥယျာဉ်ထဲမှာ သွား ဂေါ်ဖီထုပ်ရှိတယ်။ ဇလပ် ရှိတယ်။ ပန်းမုန်လာ ရှိတယ်။ နံနံပင်တွေရှိတယ်။ ကြက်သွန် ရှိတယ်။ ဘူး၊ခရမ်း ရှိတယ်။ မုံညင်း အစားစား ကြိုက်တဲ့ဟာ ခူးပြီး ချက်ကြ။ ပြုံးပြုံးပြုံးပြုံးနဲ့ပွဲကွယ် ခါးပြတွေက မပြုံးဘူးလား။ အားလုံး ကျက်ပြီ။ စားကြသောက်ကြ ။လက်ဖက်ရည်အဖန်လေး သောက်လိုက်ပြုလိုက်နဲ့။

ကဲ ရော့ ပေါဒီမှာ ရွှေ ကြိုက်သလောက် ယူစမ်း။ အဲသည်က ငွေ ကြိုက်သလောက် ယူစမ်း။ ဆန်-မင်း ကြိုက်သလောက်ထမ်း။ ဆီကြိုက်သလောက်ယူ။ အဲတော့ ခါးပြဗိုလ်က လူငါးဆယ်၊ လူ ငါး ယောက်။ သူဌေးကြီးက ကိုယ်အပေါ် ဒီလောက် စေတနာ ကောင်းတယ်။ လူငါးဆယ် လူတစ် ယောက်မှာ ရွှေသုံးပိဿာ တော်ပြီ။ ငွေက တစ်ယောက်ကို ငါးသိန်း။ ဆန်ကတော့ မင်းတို့ မနိုမကပ် ထမ်း။ အဲသည် ဆန်တွေ မစားရင် ငါတို့သေမှာ။ အခုရတဲ့ ငွေကရွှေက စားလို့မရသေးဘူး ကွဲ့။ ဆန်မစားရင် သေကုန်မှာ။ တစ်တင်းနိုင်တဲ့သူ က တစ်တင်း။ ငါးစိတ်နိုင်တဲ့သူက ငါးစိတ်၊ သုံးစိတ်နိုင်တဲ့သူက သုံးစိတ် ။ တစ်ခွဲနိုင်တဲ့သူက တစ်ခွဲ။ မနိုမကပ် ထမ်းကြ။ အဲဒါ ဘုံဆိုင် ပစ္စည်း တွေ။

အမောင်တို့ စကားလေး နှစ်ခွန်း သုံးခွန်း။ ပြောစရာ ကျန်တယ်ကွယ်။ ခွင့်ပြုပါ။ ပြောပါဦး ရယ်။ ပြောပါပြောပါ။ မင်းတို့ အခု တောင်သူလုပ်မယ်ဆိုရင် အရင်းရပြီ။ ကုန်သည် လုပ်မယ်ဆိုရင် အရင်း ရပြီ။ ရွှေက သုံးပိဿာ။ ငွေက ငါးသိန်း။ အရင်းရပြီ။ ဒီနေ့ကစ ငါးပါး သီလ မကြောင်မကြား၊ မကျိုး မပေါက်အောင် ထိန်းစေချင်တယ်။ ဦးပြောတဲ့ အတိုင်း လိုက်နာပါမယ်တဲ့၊ ရင်းစရာ မရှိတုန်းက လုပ်ရတာပါ။ အဲတော့ သူဌေးကြီးက ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ တိုင် ပေးတော့တာ။ သုရာမေရယ ဆုံးသွားတဲ့အခါကျ တော့ အာမဘန္တေ လို့ဝန်ခံပြီး။ မကျိုးမပေါက် မကြောင် မကြားအောင် ထိန်းသိမ်းမယ်တဲ့။ မပေါက်ကြားစေရဘူး။ မကျိုးစေရဘူး။ အဲသည်လို ထိန်းသိမ်းမယ်ဆိုတော့ လူသာဓုခေါ် နတ်သာဓု ခေါ်တာ၊ ကဲ အဲလို စိစစ်ဖို့မကောင်းလား။ ကဲ သူတို့တွေမှာ လိမ္မာပြီးတော့။ လိမ္မာတော့ ကုသိုလ်မဖြစ်ဘူးလား။ ရွှေတွေ ဘုံဆိုင် ပစ္စည်းတွေ လည်း ရသွားတယ်နော်။ ကဲသူဌေးကြီးမှာ အဲဒီလောက် ကုသိုလ်တွေ မတိုးဘူးလားဟေ့၊ မတော် လို့ မီးလောင်သွား ရင် သူဌေးကြီးက ကုသိုလ် ရချင်မှ ရမှာကွယ့်၊ ဘုံဆိုင်ပစ္စည်းတွေ ခါးပြတွေ

www.thitsarparamisociety.com



ယူသွားပြီ။ သူဌေးကြီးမှာ ကုသိုလ်တွေ မကျန်ရစ်လား။ ကဲ တရား သိတဲ့သူဌေးနဲ့ တရား မသိတာ တူရဲ့လား။ ကဲ တရားမသိရင် အကုသိုလ်တွေ ပွားလို့နေတော့တာ သူ့မှာကြားလား။ သိတဲ့ ပုဂ္ဂိုလ်က ကုသိုလ်တွေ ပွားမနေဘူးလား။ အဲသည်လိုကွဲ။ တရားသိတာ။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။ စဉ်းစား။ အဲဒါ ရုပ်တလုံး၊ နာမ်တလုံး သုညတ ဆိုက်ဖို့ လိုတယ်။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ။(သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက် လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

(အမျှဝေ- ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-----။ )

သာဓု-သာဓု-သာဓု။